# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)
# National Community Driven Development Project




ကရင်ပြည်နယ်၊ကော့ကရိတ်မြို့နယ်၊ ဒေါ်ဖျာကျေးရွာအုပ်စု

ကော့ဖလွတ်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်

၂၀၂၀ပြည့်နှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ကျေးရွာရှိအိမ်ခြေ၊အိမ်ထောင်းစုနှင့်လူဦးရေ။<br>၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ<br>၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ပိုင်ဆိုင်မှုမြေဇရိယာနှင့်သဘာဝသယံဇာတများ။<br>၄.၈။အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ<br>၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)<br>၆.၃။ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)<br>၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)<br>၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | |

၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။

၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။

၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1)

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၂ (PC – 2)

၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)

၁၃။ ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား


၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

### ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ဒေါ်ဖျာကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကော့ကမာ | ၁၅၄ | ၅၃၈ | ၅၁၃ | ၁၀၅၁ |
| ၂။ | ကော့ခမိ | ၈၄ | ၂၆၀ | ၂၅၉ | ၅၁၉ |
| ၃။ | ကော့ဖလွတ် | ၈၂ | ၂၃၇ | ၂၃၃ | ၄၇၀ |
| ၄။ | ကော့ဘော် | ၇၆ | ၂၃၅ | ၂၁၂ | ၄၄၇ |
| ၅။ | ဒေါ်ဖျာ | ၂၉၁ | ၁၀၃၇ | ၉၇၂ | ၂၀၀၉ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း

ကော့ဖလွတ်ကျေးရွာသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပါသည်။ ကော့ဖလွတ်ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၅၀၀) ဝန်းကျင်ခန့်မှ စ၍ တည်ရှိခဲ့ပြီး ရှေးကရင်လူကြီး ဦးလူလှဖော်မိသားစုမှ စတင်အခြေချနေထိုင်ခဲ့ကြသည်။ ဧရိယာအကျယ်အဝန်းမှာ (၁) စတုရန်းမိုင်ခန့် ကျယ်ဝန်းပါသည်။ ရွာ၏နယ်နမိတ်ပုံသဏ္ဍာန်မှာ အသည်းပုံသဏ္ဍာန်ဖြစ်ပါသည်။ ရှေးအခါက ရွာနီးပတ်ဝန်းကျင်တွင် ကွဲနို့ဒန်းသီးပင် (ခေါ်) (ဖလွတ်)ပင်များ ပေါက်သောအရပ်ဖြစ်သောကြောင့် ဖလွတ်ရွာဟု ခေါ်တွင်ခဲ့ပါသည်။

ကော့ဖလွတ်ရွာ၏ဘေးပတ်ဝန်းကျင်တွင် လယ်ကွင်းများ ဝန်းရံထားပြီး ရွာ၏အလယ်တွင် သမိုင်းဝင် ဓူဝေစေတီရှိပါသည်။ ရွာသူ/သားများ ကြုံတွေ့ရသောအခက်အခဲများမှာ မိုးရာသီတွင် ရေကြီးရေလျှံခြင်း၊ နွေရာသီတွင် မီးဘေးနှင့် ရေရှားပါးမှုဒဏ်များ ကြုံခဲ့ရပါသည်။ ယခင်ကစီးပွားရေးအခြေအနေမှာ လယ်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။

ကော့ဖလွတ်ကျေးရွာတွင် အများအားဖြင့် ကရင်လူမျိုးများနေထိုင်ကြပြီး ကိုးကွယ်ယုံကြည်မှုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ယခုအခါတွင် အိမ်ခြေ (၇၅)၊ အိမ်ထောင်စုပေါင်း (၈၂)စု ရှိပါသည်။ ယခင်က ကြုံတွေ့ခဲ့ရသောအခက်အခဲများမှာ သူပုန်ထခြင်း၊ ပြောက်ကျားများဝင်လာခြင်း၊ ပြန်ပေးဆွဲခံရခြင်းစသော အခက်အခဲများနှင့်ကြုံတွေ့ခဲ့ရပါသည်။

ယခင်က လမ်းပန်းဆက်သွယ်ရေးမှာ အခက်အခဲများစွာရှိပြီး မိုးရာသီတွင် လှေနှင့်သာသွားလာရပြီး၊ ကျုံဒိုးသို့သွားလျှင် ခြေကျင်ဖြင့်သာ သွားလာရပါသည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ရပ်ရွာလူထုများ အခက်အခဲရှိပြီး ရပ်ရွာရှိကျောင်းထိုင်ဘုန်းကြီးနှင့် ရွာသူ/သားများပူးပေါင်းပါဝင်မှုကြောင့် ယခုအချိန်တွင် ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီး၊ မော်တော်ကားများဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်လာပါသည်။

ရွာ၏အရှေ့မြောက်ထောင့်အရပ်တွင် မြေသားလမ်းဖြင့် သွားလာရသော ကော့ကမာကျေးရွာ၊ တောင်ဘက်တွင် မြေသားလမ်းဖြင့်သွားလာရသော ကော့ဘော်ရွာ၊ မြောက်ဘက်ခြမ်းတွင် မြေနီလမ်းဖြင့်သွားရသော ဒေါဖျာရွာ၊ အနောက်ဘက်တွင် ဂျိုင်းမြစ် ရှိပါသည်။ ယခုစီးပွားရေးအခြေအနေမှာ လယ်ယာလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပြီး အခြားနိုင်ငံများသို့ ဝမ်းရေးအတွက် သွားရောက်အလုပ်လုပ်ကိုင်သူများလည်း ရှိပါသည်။ စီးပွားရေးအခြေအနေမှာ အသင့်အတင့်ရှိပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ

ကော့ဖလွတ်ကျေးရွာတွင် အိမ်ထောင်စု (၈၂)စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သော လူဦးရေမှာ အမျိုးသား (၂၃၇)ဦး၊ အမျိုးသမီး (၂၃၃)ဦး၊ စုစုပေါင်း (၄၇၀)ဦး ရှိပါသည်။ ယခု အိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကော့ဖလွတ်ကျေးရွာတွင် နေထိုင်းသောတိုင်းရင်းသားလူမျိုးစုမှာ ကရင်လူမျိုး ဖြစ်ပါသည်။ ကရင်လူမျိုးအိမ်ထောင်စု (၈၂) စုတွင် အမျိုးသား (၂၃၇)ဦးနှင့် အမျိုးသမီး (၂၃၃)ဦး စုစုပေါင်း (၄၇၀)ဦး ရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သော အိမ်ထောင်စုများအရေအတွက်

ကော့ဖလွတ်ကျေးရွာတွင် သက်ကြီးရွယ်အို(၆၅နှစ်နှင့်အထက်) (၂၅)ဦး၊ မသန်စွမ်း (၄)ဦး တို့ရှိပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

ကော့ဖလွတ်ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ မူကြိုကျောင်း(၁) ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်းနှင့် စေတီတို့ရှိပါသည်။

## ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ

ရွာသူ/သားများ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

## ၄.၇။ ပိုင်ဆိုင်မှုမြေရေီယာနှင့်သဘာဝသယံဇာတများ

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

## ၄.၈။ အခြားသတင်းအချက်အလက်များ။

အပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေး အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ရဲစခန်း၊ ထွေအုပ်ရုံး၊ DRD, KBC တို့နှင့် ချိတ်ဆက်ပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၁၆ | ၄၆ | ၆၂ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | ၁၆ | ၄၆ | ၆၂ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | ၁၆ | ၄၆ | ၆၂ | အဆင်မပြေသောအိမ်ထောင်စု (၃၀)စု၊အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | ၁၆ | ၄၆ | ၆၂ | ပညာတတ်မြောက်မှု၊ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများ ဝင်ငွေရအလုပ်အကိုင်မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၆ | ၄၆ | ၆၂ | အပ်ချုပ်စက် အမျိုးသမီးများ သုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများ သုံးစွဲမှုများလာသည်။ ဆိုင်ကယ်၊ ကား၊ရေတွင်း၊ဘုန်းကြီးကျောင်း၊ လယ်၊ နွားတို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၁၆ | ၄၆ | ၆၂ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ ဩဇာလွှမ်းမိုး၊ ကျေးရွာပြင်ပ |


| | | | | | |
|---|---|---|---|---|---|
| | | | | | တွင် ရဲစခန်း၊ ထွေ/အုပ်ရုံး၊DRD, KBC တို့ လွှမ်းမိုးမှုများသည်။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ**


**၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)**



## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)




မြို့နယ် - ကော့ကရိတ်　　ကျေးရွာ - ကော့ဖလွတ်
ရက်စွဲ - ၁၀.၇.၂၀၂၀　　အုပ်စု - ဓါးမှာ

ဥစ္စာဓနကြွယ်ဝမှုပြဇယား

| အမျိုးအစား | သတ်မှတ်ချက် / ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အိမ်ထောင်စု | လယ်ယာ (၅ဧက-၁၅ဧက)၊ ရွှေဆိုင်၊ ကား၊ ထော်လာဂျီ၊ ဆန်စက်၊ ဓါးခွဲစက်၊ TV ကောင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်ကြီး၊ ကွဲ့ရ၊ ပညာရေးအားကောင်း | 10 | 12.19% |
| ပြေလည်သော အိမ်ထောင်စု | လယ်ယာ (၅ဧက-၁၀ဧက)၊ ရွှေဆိုင်အသေးစား၊ ဆိုင်ကယ်၊ TV ကောင်း၊ တိုက်အသေးအိမ်၊ ပျဉ်ထောင်အိမ်၊ အထက်တန်းအောင်မြင်၊ ပညာရေးအသင့် | 45 | 54.87% |
| မပြေလည်သော အိမ်ထောင်စု | ကျပန်း၊ ရော့ဘား၊ အလုပ်သမား၊ TV အသေး၊ ပျဉ်အိမ်အသေး၊ ဝါးအိမ်၊ ပညာရေးအားနည်း | 27 | 32.92% |

ပါဝင်ဆွေးနွေးသူ - ကျား (16) + မ (46) = (62) ဦး

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)


မြို့နယ် - ကော့ကရိတ်　　　　ကျေးရွာ - ကော့ဖလွတ်


ရက်စွဲ - 10.7.2020　　　　အုပ်စု - ဒေါ်လှာ

| ပိုင်ဆိုင်မှုသုံးသပ်ခြင်း | | | | | |
|---|---|---|---|---|---|
| အရင်းအမြစ် သုံးစွဲမှု ပြဿနာ | | | အရင်းအမြစ် ထိန်းချုပ်မှု ပြဿနာ | | |
| က | မ | ပ | က | မ | ပ |
| လယ်ထွန်းထွန်စက်<br>ရေစက်<br>မြက်ရိတ်စက်<br>ကား | အပ်ချုပ်စက် | ဘောလုံးကွင်း<br>ဘုန်းကြီးကျောင်း<br>စာသင်ကျောင်း<br>ဆန်စက်<br>နွား၊ကြက်၊ဘဲ၊<br>ဝက်၊ဆိတ်<br>စက်ကီး/ဆိုင်ကယ်<br>ဖုန်း/TV/ဆလောင်း<br>မြစ်ချောင်း<br>ဈေးဆိုင်<br>လယ်ယာ | လယ်ထွန်းထွန်စက်<br>ရေစက်<br>မြက်ရိတ်စက်<br>ကား<br>ဘောလုံးကွင်း<br>ဆိုင်ကယ်<br>စက်ကီး | အပ်ချုပ်စက် | ဘုန်းကြီးကျောင်း<br>စာသင်ကျောင်း<br>နွား၊ကြက်၊ဘဲ၊<br>ဝက်၊ဆိတ်<br>ဖုန်း၊TV၊<br>ဆလောင်း<br>မြစ်ချောင်း<br>လယ်ယာ<br>ဈေးဆိုင် |

ပါဝင်ဆွေးနွေးသူ - က (16) + မ (46) = (62) ဦး

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)




KBC

## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | -လယ်ယာများ၊ အင်း၊ သစ်တောများကို မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။<br>-စိုက်ပျိုးရေးအတွက် ရေရှားပါး၍ နွေရာသီ၌လည်း သောက်သုံးရေရှားပါးပါသည်။<br>-မိုးရာသီတွင် နှစ်စဉ်နှစ်တိုင်း ရွာချင်းဆက်လမ်းများ ရေမြုပ်၍ သွားလာရေးအခက်အခဲဖြစ်ရပါသည်။<br>-ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းရှိပြီး တစ်ရွာလုံးဗုဒ္ဓဘာသာ ကိုးကွယ်ကာ ကရင်ရိုးရာအက၊ ကရင်စာပေနှင့် ယာဉ်ကျေးမှုကိုလည်း သင်ကြားပို့ချလျက်ရှိပါသည်။<br>-မပြေလည်သောမိသားစုမှာ တံငါလုပ်ငန်း၊ ကျပန်းလုပ်သမားများမှာ နေ့စားလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကြောင်း ပြုကြသည်။<br>**တိုးတက်ရန်လိုအပ်သောအချက်များ**<br>-ဆက်သွယ်ရေးကောင်းမွန်စေရန်<br>-ရွာချင်းဆက်လမ်းများအား ခိုင်မာစွာ တည်ဆောက်ခြင်း<br>-လျှပ်စစ်မီး<br>-ဆည်မြောင်းများတူးဖော်ခြင်း<br>-စိုက်ပျိုးရေးနည်းစနစ်<br>-ပညာရေးအထောက်အပံ့ပစ္စည်းနှင့်ကျန်းမာရေး<br>-ဝင်ငွေတိုးလုပ်ငန်းများ<br>-လက်မှုပညာများ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | -လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ခဲ့ |

| | | |
|---|---|---|
| | | ကြပြီး အခြားဝင်ငွေရရှိသော အလုပ်များမှာ ဈေးရောင်း/ဝယ်၊ တံငါလုပ်ငန်းနှင့် သီးပင်စားပင်အနည်းငယ် စိုက်ပျိုးလုပ်ကိုင်ကြသည်။<br>-အိမ်ခြေ(၆၀)မှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး အိမ်ခြေ (၅)အိမ်မှာ အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။<br>-ဝင်ငွေမှာ လုပ်ယာလုပ်ငန်းအတွက် နေ့စားအလုပ်တွင် အမျိုးသား/သမီး လုပ်အားခ တန်းတူ(၅၀၀၀)ကျပ် ရရှိပါသည်။<br>-ထွက်ငွေအနေဖြင့် မိုးရာသီနှင် နွေရာသီတွင် ပိုမိုများပြားသည်။<br>-လယ်ယာလုပ်ငန်းမှာ အများဆုံးဖြစ်ပြီး အခြားစီးပွားရေးအနည်းငယ်ရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းဖြင့် ရေကြီးရေလျှံမှုကြုံရခြင်းတို့ကြောင့် ကျေးရွာ၌ စားဝတ်နေရေးအခက်အခဲကြုံတွေ့ရသည်။<br>-တစ်ခြားအလုပ်အကိုင်မရှိသဖြင့် ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ များပြားလာကြသည်။<br>-အမျိုးသမီးအသက်မွေးဝမ်းကြောင်းအနေဖြင့် ကောက်စိုက်၊ ပျိုးနုတ်၊ ငါးရောင်း/ဝယ် စသောလုပ်ငန်းအသေးစားများကို လုပ်ကိုင်ခဲ့ကြသည်။<br>-အားလပ်ချိန်တွင် ဝင်ငွေရရှိသော လုပ်ငန်းကိုဖန်တီးခြင်း၊ အိမ်မှုကိစ္စပြုလုပ်ခြင်း၊ အမျိုးသားများအနေဖြင့် တာဝန်ခွဲဝေမှုနှင့် ကျား/မ ရေးရာသိမြင်လက်ခံလာစေရန် ပြောဆိုဆွေးနွေး။<br>-တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | -ချမ်းသာသော အိမ်ထောင်စုမှာ (၁၅)အိမ် |

| | | |
|---|---|---|
| | | ထောင်စု ရှိပါသည်။<br>-ပြေလည်သော အိမ်ထောင်စုမှာ (၅၀)စု ရှိပါသည်။<br>-မပြေလည်သော အိမ်ထောင်စုမှာ (၃၀)စု ရှိပါသည်။<br>မပြေလည်သောအိမ်ထောင်စုများသည် ကျပန်း၊နေ့စားလုပ်သမား၊ ပညာရေးအားနည်းသူများဖြစ်ကြပြီး သူတို့တွင် အသေးစား တီဗီ၊ ပျဉ်အိမ်၊ ဝါးထရံအိမ်များဖြင့် ဆောက်လုပ်နေထိုင်ကြသည်။<br>ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မပြေလည်သောအိမ်ထောင်စုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် သူတို့၏ အကျိုးစီးပွားပိုမိုကောင်းမွန်လာမည်။ |
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | -အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အသင့်အတင့်ရှိသည်။<br>-ပညာတတ်မြောက်မှုမှာ အလယ်အလတ်ရှိသည်။<br>-ကျန်းမာရေးလက်လှမ်းမှီမှုအားနည်း၍ လုံခြုံမှုအားနည်းသည်။<br>-ဆုံးဖြတ်ချက်ချမှုမှာ ကျား/မတန်းတူညီမှုရှိသည်။<br>-အိမ်မှုကိစ္စမှာ အမျိုးသမီးများပိုမိုအားကောင်း၍ အမျိုးသားပါဝင်မှုမှာ အလွန်နည်းနေသည်။<br>-ပူးပေါင်းပါဝင်မှုမှာ ၅၀% ရှိသည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | -အပ်ချုပ်စက်ကို အမျိုးသမီးများအသုံးပြုကြပြီး ကိုယ်တိုင်ထိန်းချုပ်မှုများကို ပြုလုပ်ကြသည်။<br>-လက်တွန်းထွန်စက်၊ ခြွေစက်၊ မြက်ရိတ်စက်၊ |

| | | |
|---|---|---|
| | | ကားတို့ကို အမျိုးသားများ အသုံးပြုကြပြီး ကိုယ်တိုင်ထိန်းချုပ်မှုကို ပြုလုပ်ကြသည်။<br>-ဘော်လုံးကွင်း၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို အမျိုးသား/သမီး တန်းတူအသုံးပြုပြသော်လည်း ထိန်းချုပ်မှုကို အမျိုးသားများကသာ အဓိကဆောင်ရွက်ကြသည်။<br>-ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ မွေးမြူရေးတိရိစ္ဆာန်များ၊ ဖုန်း၊ တီဗီ၊ စလောင်း တို့ကို အမျိုးသား/သမီး တန်းတူအသုံးပြုကြပြီး ထိန်းချုပ်မှုကိုလည်း အတူတကွလုပ်ဆောင်ကြသည်။<br>-အမျိုးသမီးသီးသန့်ထိန်းချုပ်မှုသည် အသေးဖွဲ့ကိစ္စရပ်များသာဖြစ်သည့်အတွက်အမျိုးသားများအနေဖြင့် အမျိုးသမီးများအား စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်အား ပေးခြင်းဖြင့် အမျိုးသမီးများ၏ လုပ်ဆောင်နိုင်မှု အရည်အသွေးကို ပိုမိုကောင်းမွန်လာမည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | -ကျောင်းကော်မတီအဖွဲ့သည် စာသင်ကျောင်းနှင့်ပတ်သက်သော လုပ်ဆောင်ချက်များအား ဆောင်ရွက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပါဝင်လုပ်ကိုင်ကြသည်။<br>-အိုးသူကြီးအဖွဲ့သည် အလှူအတန်း၊ ရပ်ရေးရွာရေး၊ ဘာသာရေးကိစ္စ၊ အလှူမင်္ဂလာပွဲများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြသည်။<br>-အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည်အမျိုးသမီးများဦးဆောင်သည့်အဖွဲ့ဖြစ်သည်။<br>-ဂေါပကအဖွဲ့နှင့် သာရေး/နာရေးအဖွဲ့သည် ကျေးရွာတွင်းရှိသောအဖွဲ့ဖြစ်ပြီး အိုးသူကြီးအဖွဲ့နှင့် လူငယ်အဖွဲ့များတွင် ပါဝင်ချိတ်ဆက် |

| | | |
|---|---|---|
| | | ဆောင်ရွက်လျှက်ရှိသည်။<br>-ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သော KBC အဖွဲ့၊ ရဲစခန်း၊ ထွေ/အုပ်ရုံး၊ DRDအဖွဲ့သည် ကျေးရွာအဖွဲ့နှင့် ချိတ်ဆက်မှုရှိသည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးထွန်းတောက်ထွေး | ✓ | | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ(ဥက္ကဋ္ဌ) | |
| ၂ | ဒေါ်မူးခိုက် | | ✓ | ။ | |
| ၃ | ဒေါ်လေးကျင် | | ✓ | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) | |
| ၄ | ဦးသန်းညွန့် | ✓ | | ဝယ်ယူရေးဆပ်ကော်မတီ (အဖွဲ့ဝင်) | |
| ၅ | ဒေါ်နော်လီဇာ | | ✓ | ။ | |
| ၆ | ဒေါ်ညွန့်မြိုင် | | ✓ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ (ခေါင်းဆောင်) | |
| ၇ | ဒေါ်မူးအုံး | | ✓ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ (အဖွဲ့ဝင်) | |
| ၈ | ဦးမောင်ကိန် | ✓ | | ။ | |
| ၉ | ဦးအောင်ဇော်လင်း | ✓ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) | |
| ၁၀ | ဒေါ်ပဲပဲ | | ✓ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) | |
| ၁၁ | ဒေါ်မြင့်မြင့်ခင် | | ✓ | ။ | |
| ၁၂ | ဦးမန်းအောင်သူ | ✓ | | ကျေးရွာစာရင်းကိုင် | |
| ၁၃ | ဦးစောကျော်ကျော် | ✓ | | ဝေဖန်အကြံပြုကိုယ်စလှယ် | |
| ၁၄ | ဒေါ်ရီရီဝင်း | | ✓ | ဝေဖန်အကြံပြုကိုယ်စလှယ် | |
| ၁၅ | ဦးစောတင်ဝင်း | ✓ | | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၆ | ဒေါ်စန်းစန်းအေး | | ✓ | ကျေးရွာစေတနာ့ဝန်ထမ်း | |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ–၁ (PC – 1)

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင်အမည် ဦးစံကြည် | ကျေးရွာခေါင်းဆောင် ဖုန်းနံပါတ်– ၀၉၇၆၀၇၉၃၄၁၅ | | လူထုစည်းရုံးရေးမှူးအမည် – စောငွေးရီ |
| ပြည်နယ် – ကရင် | မြို့နယ်– ကော့ကရိတ် | ကျေးရွာအုပ်စု – ဒေါဖျာ | ကျေးရွာ – ကော့ဖလွတ် |

(က) လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၈၂ | ဗုဒ္ဓ | ၈၂ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၄ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၂၅ |
| စစ်ဘေးရှောင် | – |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၂၃၇ | ၂၃၃ | ၄၇၀ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |
| အိမ်ထောင်ဦးစီး | ၆၃ | ၁၉ | ၈၂ |

(ခ)အခြေခံအဆောက်အအုံအသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | ✓ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | ✓ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | ✓ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| မူလတန်းဆရာ/မ | ✓ | ✓ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြိုဆရာ/မ | ✓ | ✓ | သားဖွားဆရာမ | | | ရေပိုက်သွယ် | | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား -မြစ်ကြောင်းလမ်း

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? — (၂၀၁၆)/ မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှ အတည်ပြုခဲ့ပါသလား? — ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁. ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ — ( ၂ )မိုင်/မသိပါ

၂. ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၂ နာရီ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား……………

မိုးရာသီကြာချိန် ၁ နာရီ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား……………

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

( ✓ )မရှိပါ/ (….)ရှိပါသည်/ ရှိလျှင်ဖော်ပြပါ …………………..

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှဖွဲ့စည်းထားသောအဖွဲ့များရှိပါသလား?

(၁) KBC ကျန်းမာရေးအဖွဲ့ (၂) ----------------------------

(၃) ---------------------------------- (၄) ----------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

…….မရှိပါ။(✓)ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ–၂ (PC – 2)

| | | | |
|---|---|---|---|
| **စည်းရုံးရေးမှူးဝန်ထမ်းအမည် – ဦးစောငွေးရီ၊ ဦးရဲနိုင်ထွန်း** | | | |
| **နေ့စွဲ – ၁၀.၇.၂၀၂၀** | **စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ– စက်ဝန်း၁ (..)။စက်ဝန်း၂ (..) စက်ဝန်း၃ (..)၊စက်ဝန်း၄ (..)** | | |
| **ပြည်နယ် – ကရင်** | **မြို့နယ် – ကော့ကရိတ်** | **ကျေးရွာအုပ်စု – ဒေါ်ဖျာ** | **ကျေးရွာ – ကော့ဖလွတ်** |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူ အရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | | | | | | လူမျိုးစု | | | |
| | စတင်သည့်နေ့ | ပြီးစီးသည့်နေ့ | ကျား | မ | အိမ်ထောင်စု | အရေအတွက် | အမည် | | |
| (၁)ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | ၁၀.၇.၂၀၂၀ | ၁၀.၇.၂၀၂၀ | ၁၆ | ၄၆ | ၆၂ | ၆၂ | ကရင် | ၈၂ | ၇၅.၆၁ |
| (၂)ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၁၀.၇.၂၀၂၀ | ၁၀.၇.၂၀၂၀ | ၁၆ | ၄၆ | ၆၂ | ၆၂ | ကရင် | ၈၂ | ၇၅.၆၁ |
| (၃)ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | | |
| (၄)မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | | | | |
| (၅)မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဖော်ရေးကော်မတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| (၆)စီမံကိန်းလုပ်ငန်းခွဲ စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| (၆.၁)စီမံကိန်းလုပ်ငန်းခွဲကောင်အထည်ဖော်ရေးအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| (၆.၂)ဝယ်ယူရေး အစီအစဉ် ရေဆွဲခြင်း | | | | | | | | | |
| (၆.၃)ဘဏ္ဍာရေး ကုန်ကျမှုလျာထား အစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| (၆.၄)ပြင်/ထိန်း အစီအစဉ်ရေဆွဲခြင်း | | | | | | | | | |
| (၇)စီမံကိန်းလုပ်ငန်းခွဲတိုးတက်မှုစောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| (၇.၁)အစည်းအဝေးပထမအကြိမ် | | | | | | | | | |
| (၇.၂)အစည်းအဝေးဒုတိယအကြိမ် | | | | | | | | | |
| (၇.၃)အစည်းအဝေးတတိယအကြိမ် | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| (၈)စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်းအစည်းအဝေး | | | | | | | | | |
| (၉)လုထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)

| | | | |
|---|---|---|---|
| **စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – ဦးစောဌေးရီ၊ ဦးရဲနိုင်ထွန်း** | | | |
| **နေ့စွဲ – ၁၀.၇.၂၀၂၀** | **စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂(..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..)** | | |
| **ပြည်နယ် – ကရင်** | **မြို့နယ် – ကော့ကရိတ်** | **ကျေးရွာအုပ်စု – ဒေါဖျာ** | **ကျေးရွာ – ကော့ဖလွတ်** |

**(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။**

| **အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ** | | | |
|---|---|---|---|
| မိုးရာသီ၌ ကျေးရွာတွင်းလမ်းများ ရေမြုပ်ခြင်းကြောင့် ရေကျချိန်တွင် လမ်းများပျက်စီး၍ ကျန်ခဲ့ခြင်းကြောင့် သွားလာရေးအဆင်မပြေခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| မိုးရာသီတွင် စာသင်ကျောင်းအတွင်း ရေကြီးသည့်အတွက် ကလေးငယ်များအတွက် ကျောင်းတွင်းလမ်းများ ပျောက်ဆုံးခြင်းကြောင့် သွားလာရေးခက်ခဲခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးသွင်းရေအတွက် ဆည်မြောင်းမရှိသဖြင့် စိုက်ပျိုးသီးနှံ စပါးအထွက်နှုန်းနည်းခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းခြံစည်းရိုးမရှိခြင်း၊ မိုးရာသီ၌ ရေကြီးခြင်းတို့ကြောင့် ကလေးငယ်များ စာပေသင်ကြားရာတွင် အာရုံစူးစိုက်မှုအားနည်းခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| လျှပ်စစ်မီးမရှိသောကြောင့်ညအချိန်သွားလာရာတွင် မြွေဆိုးအန္တရာယ်စိုးရိမ်ရခြင်း။ | ကျား… | မ…. | ကျား+မ ✓ |

| | | | |
|---|---|---|---|
| စီးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာမရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ကျေးလက်ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပေးခန်းမရှိသည့်အတွက် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အချိန်မီမကုသပေးနိုင်ခြင်း။ | ကျား… | မ ✓ | ကျား+မ … |
| | ကျား… | မ…. | ကျား+မ … |
| | ကျား… | မ…. | ကျား+မ … |

### (ခ) မျှော်မှန်းခြင်း – နောင်လာမည့် ( ၅ )နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ရွာတွင်းလမ်းများကောင်းမွန်ကာ နွေ မိုး ဆောင် ရာသီအားလုံးအတွက် အဆင်ပြေစွာ သွားလာနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းအတွင်း ကွန်ကရစ်လမ်းများဖြစ်လာပြီး မိုးရာသီ၌လည်း ကလေးငယ်များ သွားလာရေးအဆင်ပြေကာ မိဘများလည်း စိတ်ချနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးရေးအတွင်း သွင်းရေဆည်မြောင်းရှိကာ သီးနှံစပါးများအထွက်နှုန်းတိုးလာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းခြံစည်းရိုးရရှိကာ မိုးရာသီရေကြီးသော်လည်း ကလေးငယ်များအနေဖြင့် စာကို စိတ်ဝင်စားစွာ စာသင်နိုင်ရန်။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာတွင်းလျှပ်စစ်မီးရရှိကာ ညအချိန်သွားလာရာတွင် မြွေဆိုးအန္တရာယ်မှ ကာကွယ်နိုင်ရန်။ | ကျား… | မ…. | ကျား+မ ✓ |
| စီးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာနှင့် အထောက်အပံ့များ ရရှိကာ အခွင့်အလမ်းများလာပြီး ပြည်ပသို့သွားရောက်လုပ်ကိုင်သူ နည်းလာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| ကျေးလက်ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပေးခန်းရှိကာ ကျန်းမာရေးကိစ္စအတွက် အချိန်မီကုသပေးနိုင်မည်။ | ကျား… | မ ✓ | ကျား+မ … |
| | ကျား… | မ…. | ကျား+မ … |
| | ကျား… | မ…. | ကျား+မ … |


## (ဂ) လူထုစီမံကိန်း၏နောင်လာမည့် ( ၄ )နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | က+မ | လမ်းပန်းဆက်သွယ်ရေး | ၆၈၅၀၀၀၀၀ | ၂၃၇ | ၂၃၃ | ၄၇၀ |
| ၂ | မူလတန်းစာသင်ကျောင်းအတွင်းကွန်ကရစ်လမ်းခင်းခြင်း | ။ | ပညာရေး | ၈၀၀၀၀၀၀ | ။ | ။ | ။ |
| ၃ | ရေသွင်းဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်း(အသေးစား) | ။ | စိုက်ပျိုးရေး | ၁၂၀၀၀၀၀၀ | ။ | ။ | ။ |
| ၄ | မူလတန်းစာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်းလုပ်ငန်း | ။ | ပညာရေး | ၁၂၀၀၀၀၀၀ | ။ | ။ | ။ |
| ၅ | ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း(မီးစက်) | မ | မီးလင်းရေး | ၉၀၀၀၀၀၀ | ။ | ။ | ။ |
| | | | | | | | |
| | | | | | | | |

(ဃ) လူထုစီမံကိန်း၏နောင်လာမည့် ( ၄ )နှစ်အတွက် အကျိုးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးအထောက်ပံ့နှင့် နည်းပညာအကာအကွယ် | က+မ | စိုက်ပျိုးရေး |
| ၂ | ကျန်းမာရေးဝန်ထမ်းနှင့် အဆောက်အအုံ | မ | ကျန်းမာရေး |
| ၃ | စက်မှုလက်မှုသင်တန်း | က | အသက်မွေးဝမ်းကြောင်း |

## ၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်းများ



## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်း အမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့ အစည်း(သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦး (လမ်း၊တံတား၊ ရေရရှိရေး၊မီးလင်းရေး) | ၁ | ရွာတွင်းကွန်ကရစ်ဆောင်ရွက်ခြင်းလုပ်ငန်း | | | ✓ | ၂၀၁၈/ ၁၉/၂၀ | | |
| | ၂ | ကျေးရွာတွင်း လျှပ်စစ်မီးဆောင်ရွက်ခြင်းလုပ်ငန်း (မီးစက်) | | ✓ | | ။ | | |
| | ၃ | ရွာချင်းဆက်မြေသားလမ်းဆောင်ရွက်ခြင်းလုပ်ငန်း (ကော့ဖလွတ်–ကော့ဘော်) | | | ✓ | ၂၀၁၈ | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| လူမှုစီးပွား (ပညာရေး၊ ကျန်းမာရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ | ၁ | စာသင်ကျောင်း အတွင်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်ခြင်းလုပ်ငန်း (မူလတန်း) | | | ✓ | ၂၀၁၈/ ၁၉/၂၀ | | |
| | ၂ | စာသင်ကျောင်း ခြံစည်းရိုးဆောင်ရွက်ခြင်းလုပ်ငန်း | | | ✓ | ။ | | |
| | ၃ | ကျန်းမာရေးဝန်ထမ်းနှင့်အ | | ✓ | | ။ | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ဆောက်အအုံရရှိရေးလုပ်ငန်း | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ** | ၁ | အသေးစားရေသွင်းဆည်မြောင်းဆောင်ရွက်ခြင်းလုပ်ငန်း | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | စိုက်ပျိုးရေးအထောက်အပံ့နှင့်နည်းပညာအကာအကွယ်ရရှိရေးလုပ်ငန်း | | | ✓ | ॥ | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **သဘာဝဘေးအန္တရာယ်လျော့ပါးရေး** | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **အခြား** | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| ပထမနှစ် | ရွာချင်းဆက် မြေသား လမ်း ခင်းခြင်းလုပ်ငန်း (ကော့ဖလွတ်-ကော့ဘော်) | 2830'x13'x2' | 22,440,000 | 2,775,000 | 25,215,000 |
| ဒုတိယနှစ် | | | | | |
| တတိယနှစ် | | | | | |
| စတုတ္ထနှစ် | | | | | |